
လုံးချင်းဝတ္ထုသစ်
ဆုလေးနွယ်
လရောင်အိပ်မက်ပွင့်
ပန်းချီ သိန်းရွှေကြည်
.2008

"ဝုန်း...ဝုန်း...ဝုန်း"

လူတစ်စုရဲ့ တစ်ပြိုင်နက်ထဲ ကြမ်းပေါ် ခုန်လိုက်တဲ့ အသံကြီးကြောင့် မင်းကြာညို ဖျတ်ခနဲ လန့်နိုးလာသည် ။ ညက သီချင်းရေးရင်း ညဉ့်နက်သွားသဖြင့် အိပ်ရေးက ပျက်ထားရာ ဒီစတူဒီယိုလည်း ရောက်ရော အပေါ်ထပ်ခိုးက သူ့ ခုတင်မှာ ခဏဆိုပြီး လှဲအိပ်နေရာက လုံးဝအိပ်ပျော်သွားခဲ့တာ။ ပြန်နိုးလာလို့ နာရီကြည့်တော့ ညနေလေးနာရီရှိနေပြီ။

"အား...ငါတော်တော် အိပ်ပျော်သွားတာပဲ"

ဒီ အထပ်ခိုးလေးပေါ်မှာ သူ့ခုတင်နှင့် ကိုစည်သူ့ခုတင်ပဲ ရှိသည် ။

ကိုစည်သူ နှင့် မင်းကြာညို ဟာ ဝါသနာတူ ညီအစ်ကိုသူငယ်ချင်းတွေပါ။ ကိုစည်သူ က သူ့ထက် ရှစ် နှစ်ခန့် အသက်ကြီးတာမို့ အခုဆိုရင် သုံးဆယ့်သုံး။ ဒါပေမဲ့ လူငယ်လေးတစ်ယောက်လိုပဲ က, နိုင် ခုန်ပေါက်နိုင်သည် ။

သူတို့ ရဲ့ အကသင်တန်းမှာ ကိုစည်သူက အကနည်းပြဆရာ။ တကယ့် ဝါရင့် ဒန်ဆာတစ်ယောက်ပါ။

ပြီးတော့ မင်းကြာညိုနှင့် စည်သူက ပန်းချီလည်း ရေးသည် ။ သီချင်းလည်း ရေးတဲ့ အခါ ရေးသည် ။ ဂီတာတို့ ဒရမ်တို့ ဆိုလည်း တီးလိုက်တာပဲ။ ကစရာ ခုန်စရာရှိလည်း နိုင်ငံရပ်ခြားက အက, ပညာတွေပါမကျန် အကုန်ရောသမမွှေပြီး က, လိုက်ကြတာပင်။

ပြောရမည်ဆိုလျှင် အနုပညာဝါသနာပိုးရှိတာချင်းတူသည် ။ လူပျို လူလွတ်တွေမို့လည်း ကိုယ့်ဝါသနာအတွက် အချိန်ပေး လုပ်နိုင်သည် ။ သူ အ က သ င် တ န်း မှာ သင်တန်းကြေးရယ်လို့ သတ်သတ်မှတ်မှတ် များများ စားစားကြီးလည်း ယူတာ မဟုတ်။

နေရာကတော့ နည်းနည်းဝေးသည် ။ လှိုင်သာယာ က အဖေပိုင် အ ထည်ချုပ်စက်ရုံထဲက ဂိုဒေါင်မှာ သူ့ကို စတူဒီယိုဆောက်ဖို့ နေရာပေး ထားတာ။

အထပ်ခိုး အဝိုင်းလေးပါသော သွပ်မိုးပျဉ်ကာ အဆောက်အဦလေးပါ။ သူကသာ သူ့ဘာသာ စတူဒီယို လုအမ်ဟု အမ ည်ပေးထားတာပါ။ တကယ်တမ်း စတူဒီယို အရည်အသွေးတွေနှင့် ပြည့် စုံနေတာ မဟုတ်။ (DJ) တေးဂီတသံနှင့် ကခုန်သံတွေကြောင့် မင်းကြာ ညိုက ခုတင်ပေါ်မှာ ဆင်းလိုက်သည် ။

ထပ်ခိုးလက်ရန်း ပွတ်လုံးတိုင်ကြားက ကြည့်လျှင် အောက်ထပ်မှာ ရေား...ရှေ့ဘက်မြေပြင်မှာ ပါ စည်းချက်ညီညီ လှုပ်ရှား ကပြနေကြတဲ့ သူတို့ တပည့် Dancer အဖွဲ့တွေကို မြူးမြူးကြွကြွ မြင်ရပါသည် ။

ဆံပင်ကို ပဝါနှင့်စည်းနှောင်ထားတဲ့ ကောင်နှင့်။

ကျစ်ဆံမြည်းသေးသေးလေးတွေ ကျစ်ထားတဲ့ ကောင်နှင့်။ ဒေးဗစ်ဗ က်ခမ်းလို ဆံပင်ကို နောက်ဘက်မှာ နှစ်ထပ်ကလေး စုချည်ထားတဲ့ ကောင်နှင့် ချာတိတ်တွေအားလုံးက စတိုင်လ်တော့ မိုက်သည် ။ သူ့ထ က်ငါ အလန်းတွေချည်းပါပဲ။

ဒီစက်ရုံထဲကို လိုက်အေ့ (Light Ace) ကားကြီးက နေ့တိုင်းရှိနေ တော့ ဒီချာတိတ်တွေ လိုက် လာပြီး အက လေ့ကျင့်ကြသည် ။

သူတို့ ဒီမှာ တစ်ပတ်သုံးရက်လောက်တော့ အကတိုက်ဖြစ်ကြသည် ။ မင်းကြာညို နှင့် ကိုစည်သူက တပည့်တပန်းတွေအပေါ် ခင်မင်သံ ယောဇဉ်ကြီးသလို တပည့်တွေကလည်း သူ့စတူဒီယိုအိမ်ကို ဘယ်လောက်ဝေးဝေး လိုက်လာကြသည် ။

အစတုန်းကတော့ စမ်းချောင်းဘက်က အဖေပိုင်တဲ့ တိုက်ခန်းကျယ်မှာ သင်တန်းစ, ဖွင့်ဖြစ်ခဲ့တာ။ သူ့သင်တန်းမှာ ဂီတာတီးတာ၊ အော်ရင်းတီးတာလည်း ပါသည် ။ အဆိုလည်း ပါသည် ။ အက, ကတော့ အဓိက ဆိုပါတော့။ အမြဲတမ်း လူငယ်ချာတိတ်လေးတွေနှင့် တရုန်းရုန်းမို့ အမေက သူ့တိုက်ခန်းကို ရှုံးခန်းခွဲတစ်ခု ဖွင့်လှစ်ဖို့ ပြန်ယူလိုက်သော အခါ မင်းကြာညို တို့ အော်တိုမစ်တစ် ဒီကို ရောက်လာကြတာဖြစ်သည် ။

အေးချမ်းတိတ်ဆိတ်သောနေရာမို့ သူက သဘောကျပါသည် ။ အဖေက မွေးစားအဖေ ဘကြီးဆိုပေမယ့် သူ့အပေါ် အရမ်းကောင်းသည် ။

သူ့ဝါသနာကို နားလည်ပေးသည် ။ ဆယ်တန်းအထိကတော့ မင်းကြာညို ကားဝပ်ရှော့မှာ အလုပ်လုပ်ခဲ့တာ။

ထိုကားဝပ်ရှော့ဆိုတာကလည်း သူ့မွေးစားအဖေ ဦးဝဏ္ဏကျော် ပိုင်တာပါပဲ။

ဦးဝဏ္ဏကျော်မှာ ကုမ္ပဏီတွေ၊ သွင်းကုန်ပို့ကုန် လုပ်ငန်းတွေ၊ အထည်ချုပ်စက်ရုံတွေ၊ သံရည်ကျိုစက်တွေ၊ ကားဝပ်ရှော့လုပ်ငန်းတွေ၊ အဝေးပြေးယာဉ်တွေ စသဖြင့် လုပ်ငန်းစုံ လိုင်းစုံရှိတာမို့ နာမည်ကြီး သူဌေးတစ်ဦးဆိုလျှင် မမှားပါ။

မွေးစားသားဖြစ်တဲ့ သူ့ကိုပင် ပညာသင်ပေးပြီး လိုလေသေးမရှိ ထောက်ပံ့ထားတာကြည့်။

သားအရင်းဖြစ်တဲ့ ဟိန်းအဂ္ဂ ဆိုရင်တော့ ပြောဖွယ်မရှိတော့...။

ညစဉ်တိုင်းလိုလို ရက်စတော့ရင့်တွေ၊ နိုက်ကလပ်တွေ သွားနိုင်တဲ့ ကောင်ပါ။

ဟိန်းအဂ္ဂ ရဲ့ ဘ၀က အားကျစရာပင်။

တော်ရုံ ကောင်မလေးဆို ဟိန်းအဂ္ဂကို မမှန်းဝံ့...။

အခုလည်း စင်ကာပူသွားနေသည် ။ အလည်အပတ်ထွက်လိုက်၊ နိုင် ငံခြားက ကျောင်းမှာ တက်လိုက်နှင့် ဟိန်းအဂ္ဂက ရန်ကုန်မှာ ပင် သိပ်မ နေချင်တော့ပါ။

"ဟော့...မင်းညို...နိုးပြီလား... လာလေကွာ"

ကိုစည်သူ က သူ့ကို မြင်သွားပြီး လှမ်းခေါ်သည် ။ သူ လက်ကာပြလို က်သည် ။

အိပ်ရာနိုးနိုးချင်း သူမက, ချင်။ ကော်ဖီပူပူ အရင်ဆုံး သောက်ချင်သ ည် ။ စားပွဲပေါ်က ဓာတ်ဘူးကို သွားလှုပ်ကြည့်သည် ။ ရေနွေးရှိတာပဲ။ စူပါကော်ဖီမစ်တစ်ထုပ်ကို မတ်ခွက်ထဲ ဖောက်ထည့်လိုက်သည် ။ ပြီး တော့ ကိုစည်သူ ပုလင်းထဲ သပ်သပ်ရပ်ရပ် ထည့်ထားတဲ့ နို့ဆီတစ်ဇွန်း ကို ခပ် ထည့်ပြီး ဇွန်းနှင့်မွှေကာ မော့လိုက်ပါသည် ။

ပူနွေးနွေး ခါးစိမ့်စိမ့် ကော်ဖီအရသာကြောင့် အာရုံတွေ လန်းဆန်း ကြည်လင်သွားသည် ။ ဖွင့်ထားသော တေးဂီတသံမှာ ခေါင်းလှုပ်ကိုယ် လှုပ် စည်းချက်လိုက်မိသေးသည် ။

သူဟာ ငယ်စဉ်ကတည်းက သီချင်းသံကြားရင် ငြိမ်ငြိမ်နေလို့ မရ... ။ လူက အလိုလို တွန့်လိမ် လာပြီး က, ရ ခုန်ရမှ ကျေနပ်သူ။ ဘာကြော င့် ဒီလို ဝါသနာပိုး ရှိရသလဲ သူမတွေးတတ်။ ဘယ်အချိန်ဖြစ်ဖြစ် သူက,

လိုက်မည်။

ရေချိုးခါနီးဆိုလည်း သူ့မှာ က, ရတာအမော။ ရေချိုးဖို့ ချွေးခြောက်အောင် ပြန်စောင့်ရတာချည်းပါ။

အခုလည်း တေးဂီတသံ မြူးမြူးကြွကြွ...ဒုန်း...ဒုန်း...အုန်း...အုန်းတွေကြောင့် သူ ကြာရှည်တင်းမထားနိုင်။ စတူဒီယိုရှေ့မြေကွက်လပ်ရဲ့ ရှေ့ဆုံးကိုသွားပြီး ခုန်စွ ခုန်စွ ဝင်ရောက်က, မိပါတော့သည် ။

*****